


# သင်္ခါရတရား

## သုဘဒ္ဒရဟန်း

၁၇၀

ဟောကြားသည့်နေ့
(၁၈ - ၃ - ၆၀)

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၃၁)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူအပ်သော တရားတော်

# "သင်္ခါရတရား"

## (သုဘာဒ်ရဟန်း)

ဟောကြားသည့်နေ့ (၁၈-၃-၆၀)

ဒကာ၊ ဒကာမတွေ သင်္ခါရတရား သင်္ခါရတရားဆိုတဲ့ ဥစ္စာနာပြီးသားပုဂ္ဂိုလ်လည်းမှတ်ရော၊ မနာသေးတဲ့ပုဂ္ဂိုလ်လည်း ကြားနာရရောဆိုပြီး သင်္ခါရတရားကို အရင်ရှင်းပြမယ်နော် . . . (မှန်ပါ့)။

## သင်္ခါရတရားဆိုတာ

သင်္ခါရတရားဆိုတာ ဒကာ၊ ဒကာမတွေမှတ်ထားပါ၊ အားလုံး ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်တစ်ကိုယ်လုံးဟာ သင်္ခါရတရားလို့သာ မှတ်ထားလိုက်ကြပါ . . . (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာရှိတဲ့ ဆံပင်တွေ၊ သွားတွေ၊ အသားအရေတွေ ဘာခေါ်ကြမယ် . . . (သမုဒယသစ္စာ တရားပါ) ဩော် . . . ဒါကို သမုဒယသစ္စာ တရား လို့ဟောတယ်၊ မှန်လည်း အလွန်မှန်ပါတယ်၊ ဘယ်လိုမှန်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်ဟာ ပြုပြင်ထားလို့ပေါ်နေတာ . . . (မှန်ပါ့) ပြုပြင်ထားလို့ ဖြစ်ပေါ်နေတာလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)။

ပြုပြင်ထားလို့ ဖြစ်ပေါ်နေတာ မျက်လုံးအကြည်ရုပ်ကလေး၊ နားအကြည်ရုပ်ကလေးတွေ မြင်တတ်တဲ့သဘောကလေးဟာပေါ့လေ . . . (မှန်ပါ့) မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ထဲမှာ ဆိတ်လို့နာတာတွေ၊ ယားတာတွေ အဲဒီဟာတွေကို ကံကပြုပြင်ထားတယ်၊ ပြုပြင်ထားတော့ ကံကပြုပြင်လို့ ခန္ဓာကိုယ်ကဖြစ်နေတာ ဖြစ်နေသောကြောင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဒါတွေဟာ ဘာပါလိမ့်မလဲဆိုတော့ သူများပြုပြင်ထားသောကြောင့် သမုဒယသစ္စာ တရားလို့ပဲ မှတ်လိုက်တာပေါ့ . . . (မှန်ပါ့) ကံ-သမုဒယ က ပြုပြင်ထားတယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား။)

ပြုပြင်ထားပါတယ်) ကံ-သင်္ခါရက ပြုပြင်ထားတယ်လို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက မှတ်လိုက်တော့ ဩော် . . . တို့မှာ တို့ပိုင်ပစ္စည်းလို့ မရှိပါကလား၊ ကံကသာလျှင် သူဖြုတ်ရင်လည်း ပြုတ်ရတာပဲ၊ သူက ဖြစ်ချင်ရင်လည်း ဖြစ်လိုက်ရတာပဲ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ကံက သင်္ခါရပြုပြင်ထားတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တွေဟာ သင်္ခါရတရားတွေပေါ့နော် . . . (မှန်ပါ့) ဘယ်သူကပြုပြင်ထားသတုံးလို့ မေးလို့ရှိရင် ကံကပြုပြင်ထားတယ် . . . (မှန်ပါ့ဘုရား)။

ဒါက ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်၊ ဒါက အတိတ်ကပြုပြင်တဲ့ ကံပေါ့ဗျာ . . . (မှန်ပါ့) ဒါဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တွေဟာ ဘယ်သူကပြုပြင်ထားတာပါလိမ့် . . . (ကံကပြုပြင်ထားပါတယ်) ကံကပြုပြင်မှုကြောင့်ပေါ်နေသောကြောင့် သူ့ကိုသူများပြုပြင်သလို ဖြစ်ပေါ်နေရသောကြောင့် သင်္ခါရတရားလို့ မှတ်ထားကြပါ . . . (မှန်ပါဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ၏ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တွေကို ဘာခေါ်ကြမယ် . . . (သင်္ခါရတရားပါ) ဒကာ၊ ဒကာမတွေ စဉ်းစားလိုက်တာပေါ့၊ ဩော် . . . မျက်လုံးမမြင်လောက်အောင် အားထုတ်ပေးလိုက်ပြန် မြင်လောက်တဲ့

ရုပ်ကလေးထည့်ပေးလိုက်ပြန် မြင်ရတာပဲ၊ သူက ထည့်မပေးရင် မမြင်ရတာဘဲ . . . (မှန်ပါ့ဘုရား)။

## သူများပြုပြင်လို့ပေါ်လာတဲ့ခန္ဓာကိုယ်

ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်ကို ဒကာ၊ ဒကာမတွေ ပိုင်သလား . . . (မပိုင်ပါဘုရား) ဒါဖြင့် ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်ကို ကံကပြုပြင် စီစဉ်နေသောကြောင့် သူများပြုပြင်လို့ပေါ်လာတဲ့ ခန္ဓာကိုယ်ဖြစ်နေသောကြောင့် ဒီခန္ဓာကိုယ်ကို ဘာတရားလို့ခေါ်ကြမယ် . . . (သင်္ခါရတရားပါဘုရား)။

## ကံကပြုပြင်ထားတယ်

မှတ်ထားပါ၊ မှတ်ထားပါ၊ သင်္ခါရတရားလို့ မှတ်ထားပေါ့၊ ကံက သင်္ခါရကပြုပြင်ထားတယ် (မှန်ပါ့) ဥတုက အခုနည်းနည်းကြမ်းလာတော့ ဒကာ၊ ဒကာမတွေမှာ အပူရုပ်တွေဖြစ်ဖြစ်နေတယ် (မှန်ပါ့) ပူရုပ်တွေဖြစ်ပြီး ဥတုနဲ့ပတ်သက်ပြီး သကာလ စိတ်မချမ်းသာတဲ့ ဒေါသစိတ်တွေလည်းပေါ်ကြ၊ ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်တာပေါ့လို့ ကိုယ့်သန္တာန် ဖြစ်တဲ့ အချို့ သောရုပ်တွေဟာလည်း ဥတုပြုပြင်ထားပါ သလား၊ တချို့သော စိတ်တွေဟာလည်း ဥတုကြောင့်ပဲ ဖောက် ပြန်လာတဲ့ စိတ်ကလေးပါ လားလို့ ဆိုရင်လွဲပါမလား . . . (မလွဲပါဘုရား)။

## ဥတုကပြုပြင်တယ်

ဒါဖြင့်ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်ထဲမှာ တချို့ရုပ်တွေလည်း တချို့စိတ်တွေလည်း ဥတုကပြုပြင်ထားတယ်လို့ ဆိုရင်လွဲပါ့မလား . . . (မလွဲပါဘုရား) ဒါဖြင့် အဲဒီတချို့ရုပ် တချို့စိတ်ကိုလည်း သင်္ခါရတရားလို့ဘဲ နာမည်ပေးလိုက်တာ ပေါ့ . . . (မှန်ပါ့ဘုရား)။

## အဟာရကပြုပြင်တယ်

တချို့ကျတော့ ဒကာ၊ ဒကာမတွေ စားလို့ကောင်းလို့ ဝဖြိုးလာတယ်၊ မျက်လုံးတွေဘာတွေ ကြည်လာတယ်၊ ဆံပင်တွေဘာတွေ သန်လာတယ်ဆိုတာကော မရှိဘူးလား . . . (ရှိပါတယ်) ဒါကျတော့လည်း ဒကာ၊ ဒကာမတွေက စားသောက်လိုက်တဲ့ ထမင်းခဲဘွယ်ဘောဇဉ်က 'ပြုပြင်လိုက်တာ' အာဟာရက ပြုပြင်လိုက်တာနဲ့ ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်ဟာ အသားအရေတွေ စိုပြေလာတယ်၊ ဝဖြိုးလာတယ်၊ ဆံပင်တွေ ဘာတွေတောင် ကောင်းလာတယ်၊ သွားတွေဘာတွေရင့် ကျက်ပြီးသကာလ လာတယ်ဆိုတာလည်း အဟာရသင်္ခါရက ပြုပြင်တယ် . . . (မှန်ပါ့ဘုရား)။

## စိတ်ကပြုပြင်တယ်

တချို့ ဒကာ၊ ဒကာမတွေကတော့လည်း စိတ်ကောင်းတာနဲ့ ရှင်လို့ကြည်လို့ မရှိကြဘူးလား . . . (ရှိပါတယ်ဘုရား) အဲဒါတွေကျတော့လည်း စိတ်သင်္ခါရက ပြုပြင်ထားတာ . . . (မှန်ပါ့) ဒါဖြင့် သင်္ခါရလေးမျိုး ပြုပြင်ခံရတဲ့ ခန္ဓာကိုယ်ကြီးက ခန္ဓာငါးပါးပေါ့ဗျာ . . . (မှန်ပါ့)။

ခန္ဓာငါးပါးက ဘာပါလိမ့် ဒကာ၊ ဒကာမတို့ . . . (သင်္ခါရခန္ဓာပါ) သင်္ခါရခန္ဓာကိုယ်ပြုပြင်လို့ ပေါ်နေတာ . . . (မှန်ပါ့) ပြုပြင်တဲ့တရားက ကံ၊ စိတ်၊ ဥတု၊ အဟာရပေါ့ဗျာ . . . (မှန်ပါ့) ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

ပြုပြင်တဲ့တရားက . . . (ကံစိတ်ဥတုအဟာရပါဘုရား) ပြုပြင်လို့ပေါ်လာတာက . . . (ခန္ဓာငါးပါး) ခန္ဓာငါးပါးကို ဘာတရားလို့ခေါ်ကြမယ် . . . (သင်္ခါရတရားပါဘုရား) ရိပ်မိကြပြီ ဒကာ၊ ဒကာမတို့ . . . (မှန်ပါ့)။

ခင်ဗျားတို့ ခန္ဓာငါးပါးကြီးဟာ သင်္ခါရခန္ဓာလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့) ခန္ဓာငါးပါးကြီးဘာမှတ်ကြမယ် . . . (သင်္ခါရခန္ဓာပါဘုရား)။

## ကံ၊ စိတ်၊ ဥတု၊ အဟာရကပြုပြင်တယ်

သင်္ခါရခန္ဓာဆိုတာ ဒကာ၊ ဒကာမတွေ ယနေ့စောစော

စီးစီးပဲ ရှင်းထားပါတယ်တဲ့၊ အကြောင်းလေးပါးက ပြုပြင်လို့ ပေါ်လာတဲ့ ခန္ဓာငါးပါး . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) အကြောင်းက ဘယ်နှစ်ပါးပါလိမ့် . . . (ကံ၊ စိတ်၊ ဥတု၊ အဟာရလေးပါးပါဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်မှာ ကြီးထွားအောင်လုပ်တာလည်း ဒီလေးပါးပဲ၊ ဆုတ်ယုတ်အောင်လုပ်တာလည်း . . . (ဒီလေးပါးပါဘုရား) ဒကာ၊ ဒကာမတွေ၏ ကိုယ်က ကံ၊ စိတ်၊ ဥတု၊ အဟာရတို့၏ စီမံသလိုခံနေရတဲ့ ခန္ဓာငါးပါးဆိုရင် လွဲပါ့မလား (မလွဲပါဘုရား)။

## ခန္ဓာငါးပါး၊ ကိုယ်မပိုင်ဘူး

ဒါဖြင့် ဒကာ၊ ဒကာမတွေ၏ ခန္ဓာငါးပါးဟာ သူများပြုပြင်သလို ခံနေရသောကြောင့် ကိုယ်ပိုင်ကိုယ်ဆိုင် ဒီအထဲမှာ မပါဘူးလို့ မှတ်ထားလိုက်ကြပါ . . . (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ဒါကိုရဲရဲတင်းတင်းကြီး ပြောရဲပါလိမ့်မလဲလို့ မေးတော့ တပည့်တော်တို့အကြောင်းလေးပါးကို သိထားတယ် ဘုရား . . . (မှန်ပါ့) ကံပြုပြင်လို့ ဒီအထဲမှာ တချို့နာမ်ရုပ်ပေါ်နေတယ် . . . (မှန်ပါ့) စိတ်ကပြုပြင်လို့ တချို့နာမ်ရုပ်၊ ဥတုက ပြုပြင်လို့ ရုပ်နာမ်တွေ၊ အဟာရပြုပြင်လို့ တချို့ရုပ်နာမ်တွေ ပေါ် ဒီတော့ ခန္ဓာငါးပါးဟာ ဒကာ၊ ဒကာမတို့ ကိုယ်ပိုင်ဆိုင်ပါကြရဲ့လား . . . (မပိုင်ပါဘုရား)။

ဒါဖြင့် သူတို့အပေါ်မှာ ဘယ်သူချုပ်ချယ်ပြီးသကာလ ဖြစ်စေ၊ ပျက်စေဆိုရင် ဘာစီမံနေပါလိမ့်မလဲဆိုတော့ စီမံနေတဲ့ အရှင်သခင်လေးယောက် ပေါ်ရောပေ့ါ . . . (ပေါ်ပါပြီ) ဘယ် သူပါလိမ့်ဗျာ . . . (ကံ၊ စိတ်၊ ဥတု၊ အဟာရပါဘုရား)။

## သခ်ီရခန္ဓာကြီး

ဩော် . . . ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်ဟာ သခ်ီရခန္ဓာဆိုတာ ရိပ်မိသွားပြီ . . . (ရိပ်မိပါပြီ) သူများပြုပြင် လို့ပေါ်လာတာ . . . (မှန်ပ့ါ) ကိုယ့်သဘောနဲ့ဖြင့် ဘာမှမတတ် နိုင်ဘူး (မတတ်နိုင်ပါဘုရား) ဘယ်သူပါလိမ့်ဗျာ . . . (ကံ၊ စိတ်၊ ဥတု၊ အဟာရပါဘုရား) ကိုယ့်သဘောနဲ့ကိုယ် ဟောဒီ အထဲမှာပါသေးရဲ့လား (မပါပါဘုရား) ကံပြုပြင်တဲ့သဘော တွေစုနေတာ၊ ဥတုကပြုပြင်တဲ့သဘောတွေ . . . (စုနေတာပါ) အဟာရကပြုပြင်လို့စုနေတာ . . . (မှန်ပ့ါ) သဘောကျ ပလား . . . (ကျပါပြီဘုရား)။

အဲဒီငါးပါးကို ခန္ဓာငါးပါလို့လည်းခေါ်နိုင်တယ်၊ သခ်ီရ တရားလို့လည်း . . . (ခေါ်နိုင်ပါတယ်ဘုရား) ကောင်းပြီ ဒကာ၊ ဒကာမတွေမှာ တိုတိုပြောကြပါစို့ဆိုတော့ ဒကာ၊ ဒကာမတွေ ၏ ခန္ဓာကိုယ်မှာ ကျားလေးချောင်းထောက်နေရတယ် . . . (မှန်ပ့ါ)။

ဦးခင်မောင် ဘယ်နှစ်ချောင်းထောက်နေရသလဲ . . . (ကျားလေးချောင်းထောက်နေရပါတယ်) ဥတုကျား၊ အဟာရကျား၊ စိတ်ကျား၊ ကံကျားဆိုတဲ့ ကျားလေးချောင်းထောက်နေရတဲ့ အိမ်နဲ့အတူတူပဲ . . . (မှန်ပါ့)။

ဒကာ၊ ဒကာမတွေ၏ ခန္ဓာအိမ်ဟာ ကျားလေးချောင်းထောက်ပြီးသကာလနေကြတော့ တစ်ချောင်းပြုတ်ရင် ဒီခန္ဓာဘိုင်းဘိုင်းလဲတယ် . . . (မှန်ပါ့) လေးချောင်းစလုံး ပြုတ်ရင်တော့ ပြောစရာမလိုတော့ဘူး . . . (မှန်ပါ့) ဩော် . . . ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးလို့ မေးလိုက်ရင် ဒကာ၊ ဒကာမတွေ ဖြေတတ်ပလား . . . (ဖြေတတ်ပါပြီ) ဘယ်လိုဖြေကြပ့်ါမလဲ (သင်္ခါရခန္ဓာကိုယ်ပါဘုရား) အဲ . . . သင်္ခါရခန္ဓာကိုယ်ကြီးဟာ သူများမှီနေတဲ့ ခန္ဓာငါးပါးဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

## အနတ္တတရား

ကောင်းပြီ ဒါဖြင့် ဒီအထဲမှာ ကိုယ်ပိုင်ကိုယ်ဆိုင်ကဖြင့် မပါပါဘူး (မပါပါဘုရား) ဒါကြောင့် သူ့ကို ဒကာ၊ ဒကာမတွေက အနတ္တတရားလို့ ဆိုကြပေတော့ . . . (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြပ့်ါမလဲ . . . (အနတ္တတရားပါဘုရား) ကိုယ်ပိုင်ကိုယ်ဆိုင်ဆိုတာ မပါလို့ ကိုယ်နဲ့ဆိုင် ကိုယ်ပိုင်တာမ

ပါသောကြောင့် ခန္ဓာငါးပါးကို အနတ္တတရားလို့ မှတ်လိုက်တာ ပေါ့ . . . (မှန်ပါ့)။

ဒကာ၊ ဒကာမတွေ သိသွားကြပြီ၊ အနတ္တဆိုတာ သိသွားကြပြီတဲ့ ဘာ့ကြောင့်တုံးဆိုတော့ ကိုယ်ပိုင်ကိုယ်ဆိုင် ဒီအထဲမှာမပါဘူး . . . (မှန်ပါ့) ပိုင်တယ်ဆိုင်တယ်လို့ဆိုလို့ရှိ ရင်လည်း ကံဖြတ်လိုက်ရင် ခင်ဗျားတို့ ဘိုင်းဘိုင်းလဲတာပဲ . . . (မှန်ပါ့) တကယ်တော့ မကြွားကြနဲ့လို့ သတိပေးလိုက်တယ် . . . (မှန်ပါ့)။

ခင်ဗျားတို့ ခန္ဓာငါးပါးထဲမှာ ခင်ဗျားတို့ပိုင်တာက တစ်ခုမှ မပါဘူး . . . (မှန်ပါ့) အခု တရားနာနေကြတာ ခန္ဓာငါးပါး မဟုတ်လား . . . (မှန်ပါ့) အဲဒါ သင်္ခါရတရား၊ သူများပြုပြင်လို့ ပေါ်တာနဲ့ ခန္ဓာငါးပါး သင်္ခါရတရားပဲ . . . (မှန်ပါ့) ကိုယ်ပိုင် ကိုယ်ဆိုင် ဒီအထဲပါသေးရဲ့လား . . . (မပါပါဘုရား)။

မပါတော့ ဒီတရားကို ဝိပဿနာရှုချင်တော့ ဘာတရား လို့ အထိမ်းအမှတ်ထားမတုံး . . . (သင်္ခါရတရားပါဘုရား) တနည်း အနတ္တတရားလို့ ထားလိုက်ရင်ကော . . . (မှန်ပါ တယ်ဘုရား)။

သူ့ကို ဟုတ်တယ်၊ မဟုတ်တယ် ဒကာသစ်တို့ ကိုမြန္မေ တို့ စဉ်းစားလိုက်ပါ၊ ဒီကကံ တစ်ခုဖြတ်လိုက်ရင် ဒီဟာအကုန် ပြုတ်တယ် . . . (မှန်ပါ့) စိတ်တခု ဖြတ်လိုက်ရင်လည်း . . .

(အကုန်ပြုတ်သွားပါတယ်) ဥတုက ပူမှု၊ အေးမှု မပေးတော့ဘူး ဆိုရင်ကော . . . (ပြုတ်ပါတယ်ဘုရား)။

## ခန္ဓာငါးပါးဟာ သဒ္ဓါရတနာ

ဩော် . . . ဒါဖြင့် ခင်ဗျားတို့ အခုထိုင်နေကြတဲ့ ဒကာ၊ ဒကာမတွေ မှတ်ထားတဲ့ ခန္ဓာငါးပါးဟာ သဒ္ဓါရတနာပေါ့ဗျာ၊ သူများပြုပြင်ထားတာပဲ . . . (မှန်ပါ့) သူများဆိုတာကော သိပလား . . . (သိပါပြီ) ကံ၊ စိတ်၊ ဥတု၊ အဟာရ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကံ၊ စိတ်၊ ဥတု၊ အဟာရတည်းဟူသော သူများကပြုပြင်ထားလို့ ခင်ဗျားတို့ခန္ဓာငါးပါးကြီးဟာ ခေတ္တတည်တံ့တယ်လို့ ဆိုလိုက်တာပေါ့ . . . (မှန်ပါ့) ဦးဘတင် ဘယ်လိုပါလိမ့် . . . (ခေတ္တတည်တံ့ပါတယ်ဘုရား) ခေတ္တပဲနော် . . . (မှန်ပါ့)။

## ခဏပေါ်လိုက်ပျောက်လိုက်

ဒါဖြင့် သဒ္ဓါရတနာဟူသည် အခုကစပြီး မှတ်ထားပါတဲ့ ဒကာ၊ ဒကာမတို့ ခေတ္တချည့်ပဲ . . . (မှန်ပါ့) ခဏပေါ်လိုက် ခဏပျောက်လိုက်၊ ခဏပေါ်လိုက် ခဏပျောက်လိုက်နဲ့၊ ပေါ်လာလည်း ဒကာ၊ ဒကာမတွေနဲ့ မဆိုင်ဘူး . . . (မှန်ပါ့) ပျောက်

တာလည်း . . . (မဆိုင်ပါဘုရား) အဲဒါတွေ သိထားတော့မှ ခြော် . . . သင်္ခါရတရားဟာ ခိုင်မြဲမှုမရှိပါကလား . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

သင်္ခါရတရားဟာ ခိုင်မြဲမယ်ဆိုလို့ရှိရင်ဖြင့် ဦးခင်မောင် မသာပို့စရာ တစ်ယောက်မှမပါဘူး . . . (မပါပါ) ဆေးကုစရာ လည်း (မပါပါ) ထမင်းကျွေးစရာလည်း . . . (မပါပါ) အဝတ်လဲ စရာလည်း (မပါပါ) ယပ်ခတ်ပေးစရာလည်း . . . (မပါပါ) ဘာမှ ပြုပြင်ဖို့ မလိုတော့ဘူး . . . (မလိုပါဘုရား)။

အခုတော့ ဒကာ၊ ဒကာမတွေက ကိုယ်ပိုင်ကိုယ်ဆိုင်ဆို တာ တစ်ခုမှမပါတော့ တော်တော်ကြာ မသာဖြစ်လိုက်လို့ ကံက လုပ်လိုက်လည်း မသာဖြစ်လိုက်ရတာပဲ . . . (မှန်ပါ့) ကံက မသာဖြစ်လိုက်တော့ ဆိုလိုက်လို့ရှိရင် . . . (မသာဖြစ်ရပါတယ်) ဥတုက မသာဖြစ်လိုက်တော့ဆိုရင် . . . (မသာဖြစ်ရပါတယ် ဘုရား)။

အဟာရက မသာဖြစ်လိုက်ပါဆိုရင်ကော . . . (မသာ ဖြစ်ရတယ်) စိတ်က မသာဖြစ်လိုက်ပါဆိုရင်ကော . . . (မသာ ဖြစ်ရပါတယ်)ဟာ ဦးခင်မောင် ဘယ်ဟာများကိုးစားရာအားထား ရာ ရှိသေးသတုံး . . . (မရှိပါဘုရား)။

## ခန္ဓာငါးပါးဘယ်ဟာအားကိုးမတုံး

ဦးခင်မောင် ခန္ဓာငါးပါးကို ဘယ်ဟာများ အားကိုးကြမတုံး . . . (ဘယ်ဟာမှ အားကိုးစရာမရှိပါ) သဘောပါပလား (ပါပါပြီ) ဘယ့်နှယ်ကြောင့် ဒီသဒ္ဓါရတနာကို အားမကိုးလောက် ပါလိမ့်မတုံးလို့ မေးလို့ရှိရင်ဖြင့် သူမျ ပြုပြင်ထားတာပါဘုရား၊ သူများစီမံသလိုခံရုံပေါ့ . . . (မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ . . . (သူများပြုပြင်ထားတာ သူများစီမံသလိုခံရုံပါပဲဘုရား) ဩော် . . . ဒါဖြင့် ခင်ဗျားတို့ဟာ ဒီခန္ဓာကိုယ်ကြီးအငှားထိန်းပြီး အငှားကျောင်းနေကြတာကိုး (မှန်ပါ့ဘုရား)။

## အငှားထိန်းကျောင်းနေရတာ

ဘယ်လိုဆိုကြပါ့မယ် (အငှားထိန်းပြီး အငှားကျောင်းနေကြပါတယ်ဘုရား) အငှားကျောင်းရတဲ့နွားကျောင်းသားပမာပေါ့ဗျာ . . . (မှန်ပါ့) အငှားကျောင်းရတဲ့ ဆိတ်ကျောင်းသား၊ သိုးကျောင်းသားပမာဆိုရင်ဖြင့် ဦးခင်မောင် လွဲပါ့မလား . . . (မလွဲပါဘုရား)။ အဲဒီအငှားဘဝကနေပြီး ငါ့များဘာမှတ်လို့တုံးဆိုပြီး ကြွားလုံးများ ထုတ်လိုက်သေးတယ် . . . (မှန်ပါ့)။

ဦးဝတို့အပြောတွေကလေ . . . (မှန်ပါ့) ကိုယ်က အငှားမဟုတ်ပါလား . . . (မှန်ပါ့) အငှားကနေပြီး ငါ့ကို ဘာထင်လို့

တုံးဆိုတော့ အငှားကိုယ်ပိုင်လုပ်ပြီး ကြွားလိုက်တာ . . . (ကြွားပါတယ်) လွဲလိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့ တက်တက်စင်ဆိုလို့ပဲဆိုရင် ဦးဘတင်ကျေနပ်ပလား . . . (ကျေနပ်ပါပြီ) တက်တက်စင်အောင် လွဲတယ်ဆိုတာကော သေသေချာချာ သဘောပါကြပလား . . . (ပါပါပြီဘုရား)။

ခင်ဗျားတို့က သူတပါးကို ရိုက်မည်ကြံခါရှိသေးတယ်၊ ကံကပြုတ်လိုက်ရင် ဒီနေရာတွင် ပိုင်းပိုင်းလဲတယ် . . . (မှန်ပါ့) ငါ့ဘာမှတ်လို့တုံးကို ပြောမည်ကြံခါရှိသေးတယ်၊ ပြောခွင့်မပေးဘူးကွာ၊ မင်းတကယ်ကြွားလုံးထုတ်တယ်လို့ ကံကမထောက်ပံ့တော့ဘူးဆိုလို့ရှိရင် ပိုင်းပိုင်းလဲတာပဲ . . . (မှန်ပါ့) စိတ်ကမထောက်ပံ့ရင်လဲ . . . (ပိုင်းပိုင်လဲပါတယ်ဘုရား)။

ဦးခင်မောင် သိပ်မကြွားနဲ့နော် . . . (မှန်ပါ့) နောက်က ဒကာ ဒကာမတွေ့ကြွားချင်ကြသေးသလား . . . (မကြွားချင်ပါဘုရား) မဟုတ်ဘူး ခင်ဗျားတို့ဟာက ဒီမှာမကြွားချင်ဘူး၊ အိမ်ကျတော့ကြွားတယ် . . . (မှန်ပါ့) အိမ်ကျတော့ တော်တော့ကို ဝိပ္ပလ္လာသအရှူးက ထတာကိုး . . . (မှန်ပါ့) ငါရှိလို့ ပြောင်နေတာ ငါမရှိရင် နင့်အစွမ်းနဲ့လားဆိုတာ တော်တော်ကြွားချင်တာ ခင်ဗျားတို့က . . . (မှန်ပါ့)။

လူကြီးလုပ်တဲ့ လူကသာပြီး အမိုက်ပိုတယ်ဆိုရင်လည်း မလွဲပါဘူး (မလွဲပါဘုရား) ဘာဖြစ်လို့တုံးဆိုတော့ ငါရှိလို့ နင်တို့

လူချင်းတူတူ သူချင်းမျှမျှနဲ့ ဝင်ထွက်လူတွေများပြီး သကာလ နင်တို့ အကြောင်းညီညွတ်နေတာ၊ ငါမရှိရင် သိရစ်လိမ့်မယ်၊ အံမာ . . . ကြွားလုံးတွေများထုတ်နေလိုက်တာ သူ့ကိုယ်တိုင် မှာလည်း ငါဆိုတာလည်း မပါဘူး၊ ပါရဲ့လား. . . (မပါပါဘုရား)။

ကံ,စိတ်,ဥတု, အဟာရကလုပ်ထားတဲ့ ရုပ်နာမ်ပဲပါ တယ် . . . (မှန်ပ့ါ) အဲဒါ ငါလုပ်ပြီးမျှား သူက အိမ်မှာခေါင် သူကြီးလုပ်ပြီး ဦးစီးခေါင်းဆောင်လုပ်ပြီးသကာလ ဦးဘတင်ကြွား လုံးထုတ်နေလိုက်သေးတယ် . . . (မှန်ပ့ါဘုရား) ယုံစရာများ ပါရဲ့လား (မပါပါဘုရား)။

သို့သော် ဘယ့်နှယ်ကြောင့် ဒီကြွားလုံး တစ်ခါတစ်ခါ ပေါ်လာပါလိမ့်မတုံးဆိုတော့ အရှုးထတဲ့အခါ . . . (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ဒိဋ္ဌိအရှုးထချိန်၊ ကြွားတတ်တယ်

ဘယ်အခါပါလိမ့် . . . (အရှုးထတဲ့အခါပါ) ဒိဋ္ဌိ ဝိပ္ပလ္လာသ အရှူးထတဲ့အခါပဲ၊ ငါထင်ပြီးတော့ ပြောနေတာ . . . (မှန်ပ့ါ) ရုပ်နာမ်နှစ်ပါးကို ငါထင်ပြီးသကာလ အရှူးထလာတဲ့အခါ ကျတော့ ဦးခင်မောင်ရေကြွားလာတာပဲ . . . (မှန်ပ့ါ)။

ဘယ်အချိန် ကြွားပါလိမ့် . . . (ဒိဋ္ဌိ အရှူးထတဲ့အခါပါ) ဒါ့ကြောင့် ဒိဋ္ဌိမုတ္တကဆိုတာ ဒိဋ္ဌိနာမည်ကပဲ၊ ဒီတရားလာတဲ့

အခါ ကြွားတာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) ဘယ်အချိန်များ ကြွားကြပါလိမ့် . . . (ဒိဋ္ဌိအရှူးထတဲ့အခါ ကြွားပါတယ်ဘုရား)။

ဦးဝတို့ တစ်ခါတစ်ခါ အိမ်မှာထပြီး ဆူတဲ့အချိန်ကျလို့ ရှိရင် အဲဒါဘေးကဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်က ကြည့်မယ်ဆိုရင် အရွယ်နဲ့မလိုက် အရူးထပြန်တာဟ . . . (ဆိုရပါတယ်ဘုရား) ဆိုရမှာပဲ ဒကာ ဒကာမတို့ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)

အရွယ်နဲ့မလိုက်ဘာဖြစ်ပြန်သတုံး . . . (အရူးထပါ တယ်ဘုရား) အရူးထတယ်ဆိုရမယ်၊ အဲဒါဉာဏ်ပါတဲ့လူမှ သိတာ . . . (မှန်ပါ့) ဉာဏ်မပါတဲ့ လူကတော့ဖြင့် သူအရူးထ နေတာ ထသင့်တယ်၊ သူတို့အိမ်ကလူတွေက အလကားလူတွေ ဖြစ်နေတာ ဉာဏ်မပါတဲ့ လူချင်းကျတော့ ဒီအတိုင်း မသွားဘူး လား . . . (သွားပါတယ်) သူ့သားသမီးတွေကလည်း အုပ်ချုပ် ရအတော်ခက်တယ်၊ အဲဒီတော့ ဒီအဘွားကြီး ဒီအဘိုးကြီးက ဆူပေမှာပဲ၊ ဉာဏ်မပါတဲ့ လူတွေကျတော့ ဒီလိုပြောမယ် . . . (မှန်ပါ့ဘုရား)။

ခုနင်ကပြောခဲ့တဲ့ ဝိပဿနာဉာဏ် ဦးစီးပြီးနေတဲ့ ပုဂ္ဂိုလ် ကျတော့ ဦးခင်မောင်ရေဘယ်သူ့ ဆူစရာအကွက်ပါသေးသတုံး . . . (မပါပါဘုရား) ကိုယ့်ကိုယ်လို့ ဆိုစရာပါရဲ့လား. . . (မပါ ပါဘုရား)၊ သူများလို့ကော ဆိုစရာရှိသေးရဲ့လား . . . (မရှိပါ ဘုရား)။

အဲဒီလို သိထားတဲ့ အခါကျတော့မှ ဩော် . . . သခ်ီရ ဆိုတာ အနတ္တတရားကြီးကိုး၊ ကိုယ့်ကိုယ်တိုင် ဒီအထဲမပါပါဘူး၊ ဒါကြီး ကိုယ်လုပ်ပြီးသကာလ ကြွားလုံးများ ထုတ်ပြီးသကာလ နေတဲ့အခါကျတော့ ဒီအထိ အရှုံးထတာ . . . (မှန်ပါ့ဘုရား)။

တစ်ခါတလေ ခန္ဓာငါးပါး မသိတဲ့အခါကျတော့ ခန္ဓာ ငါးပါးကိုမှပြန်ပြီး တွေးလုံးကလေးမှ မပေါ်တဲ့အခါကျတော့ မောဟပါလာတယ် (မှန်ပါ့) အဲဒီကျတော့လည်း မောဟုမ္ဘတ္တက ကို ပိုပြီးလာပြန်တာပဲ . . . (မှန်ပါ့ဘုရား)။

## သခ်ီရတရားရယ်လို့မသိရင်၊ အရှုံးမပျောက်

ဒါဖြင့် ဒိဋ္ဌမ္ဘတ္တကဆိုတဲ့ အရှုံးကတစ်မျိုး၊ မောဟုမ္ဘတ္တက ဆိုတဲ့ (အရှုံးကတစ်မျိုးပါ) အဲဒီကဲ့သို့ ဒကာ ဒကာမတွေ ကိုယ့် ကိုယ်သခ်ီရ တရားရယ်လို့ မသိသေးရင် ဒီအရှုံးမပျောက်သေးဘူး . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီအိမ်များကြီးဆွဲလုပ်နေရတာ ခေါင်းဆောင်လုပ်နေရ တာကိုတစ်မျိုး ဒကာ ဒကာမတွေ ပြုံးများနေလိုက်သေးတယ် . . . (မှန်ပါ့ဘုရား) ဘာဖြစ်လို့တုံးဆိုတော့ သူအရှုံးပြုံးကိုး . . . (မှန်ပါ့ဘုရား)။

ဦးခင်မောင်ဘာပြုံးတဲ့ဗျာ . . . (အရှုံးပြုံးပါဘုရား) အရှုံးပြုံး ပြုံးတော့ကို ဒကာ ဒကာမတို့ သူ့ကို သေသေချာချာ

ကြည့်တော့ ဒီအထဲမှာ ဆံပင်ကလေးတစ်ပင်ပါပါရဲ့လား . . . (မပါပါဘုရား) အားကလေးတစ်ခုကော . . . (မပါပါဘုရား) အသံကလေးတစ်ခုကော . . . (မပါပါဘုရား)။

ဘယ်ပါမတုံး အကြောင်းလေးပါးက ပြုပြင်ထားတာ . . . (မှန်ပါ့) အဲဒီကနေပြီး ကြွားလုံးထုတ်တဲ့အခါကျလို့ရှိရင် ဒကာ ဒကာမတို့ သဒ္ဒါရတရားလည်းမသိ၊ သဒ္ဒါရဆိုတာ ခိုင်မြဲတာမဟုတ်ဘူး၊ အနတ္တလည်းသူမသိတဲ့အခါကျလို့ရှိရင်ဖြင့် ဤအတ္တဒိဋ္ဌိ ရှုးလိုက်ကြခြင်းကြောင့် ဒိဋ္ဌမ္မတ္တကလို့ဆိုလိုက်ပါ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

သူ့ခန္ဓာငါးပါးကို ခန္ဓာငါးပါးရယ်လို့ မသိသောကြောင့်လည်း မောဟုမ္မတ္တက၊ အဝိဇ္ဇာတည်းဟူသော မောဟအရှုးထတာပဲ . . .(မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ) အဲဒါက လူကြီးနဲ့ လူငယ်ဘယ်ကများသတုံးလို့ မေးလို့ရှိရင်ဖြင့် စိုးရိမ်ကြောင့်ကျများတဲ့လူမှာ ဒီဥစ္စာများများလာတာပဲ . . . (မှန်ပ့ါဘုရား)။

## လူကြီးနဲ့လူငယ် ဘယ်သူ့မှာများသတုံး

စိုးရိမ်ကြောင့်ကျများတဲ့လူမှာ . . . (များများလာပါတယ်ဘုရား) ဒိဋ္ဌိရှုး အဝိဇ္ဇာရှုး ဒါတွေက လာတာပဲ . . . (လာပါတယ်) အဲဒီတော့ လူကြီးနဲ့လူငယ် ဘယ်ဟာကအလာများ

တယ်ဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) ဘယ်သူမှာ များသတုံး . . . (လူကြီးမှာ များပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ အင်မတန်ကြောက်စရာကောင်းပါတယ် . . . (ကောင်းပါတယ်ဘုရား) ဒီအိမ်မှာ ခေါင်းဆောင်လုပ်ရတာကြောက်စရာ အကောင်းဆုံးပဲ . . . (မှန်ပါ)။ ခေါင်းဆောင်လုပ်ပြီဆိုမှဖြင့် အတ္တဒိဋ္ဌိကလည်း ပါလာရော. . . (မှန်ပါ့)၊ မပါလာသေးဘူးလား. . . (ပါ,ပါတယ်)၊ မောဟုမ္မတ္တက ဆိုတဲ့ မသိရှုးကော. . . (ပါ,ပါတယ်ဘုရား)။

ဦးခင်မောင် ဒါက သေသေချာချာကြည့်မှ ကိုယ့်အရှုးထတာ ကိုယ်သိတာနော်. . . (မှန်ပါ့)၊ သေသေချာချာ တွေးဆလို့ရှိရင် ကိုယ့်အရှုးထတာကို ဒကာဝတို့ မသိနိုင်ဘူး. . . (မသိပါဘုရား)။

အခုတော့ အရှူးကလေးများ ထမယ်လို့ အိမ်ကျရင် ဘယ်သူ့ကို ပြောလိုက်မယ်၊ ဘယ်သူ့ကို ဆူလိုက်မယ်။ ဘယ်သူ့ကိုတော့ဖြင့် မပြောမပြီးလို့ ရိုက်ဦးမှပဲ၊ တော်တော့ကို နာနာကြီး ပြောလိုက်ဦးမှပဲဆိုလို့ရှိရင်ဖြင့် ဒီကတည်းက တွေးသွားကြပါ၊ ငါ အိမ်ရောက်ရင် အရှူးထတော့မှာပဲဆိုတဲ့ဥစ္စာ. . . (မှန်ပါ့)၊ တွေးရမယ် တွေးရမယ်. . . (တွေးရမှာပါဘုရား)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒါ လူငယ်နဲ့ လူကြီး ဘယ်မှာပိုသတုံး. . . (လူကြီးမှာ

ပိုပါတယ်)၊ ဒိဋ္ဌိကလည်း ဘယ်လိုလူကြီးတုံး မေးလို့ရှိရင်ဖြင့် ဒိဋ္ဌိများတဲ့လူကြီး၊ အဝိဇ္ဇာများတဲ့လူကြီး၊ ဒီပုဂ္ဂိုလ်တွေများတယ်လို့ ဦးဘတင် ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့ဘုရား)။

ဒိဋ္ဌိများ အဝိဇ္ဇာများတော့ သူ ဒီအိမ်မှာ ဘယ်လိုနေလေ့ရှိသတုံးဆိုတော့ ခေါင်းဆောင်လုပ်ချင်လေ့ရှိတယ်. . . (မှန်ပါ့)၊ ဦးဝ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ကဲ-ဒါဖြင့် သခ်ီရတရား သိကြပလား ဒကာ ဒကာမတို့. . . (သိပါပြီဘုရား)၊ သခ်ီရတရား ဆိုတာဖြင့် ခင်ဗျားတို့ ခန္ဓာငါးပါးပဲဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ကြွားလုံးထုတ်ရင် မှားလိမ့်မယ်

ဒါဖြင့် ဒီသခ်ီရတရားမှာ ကျားဘယ်နှစ်ချောင်းလောက်ထောက်ပြီး နေရပါလိမ့်. . . (လေးချောင်းထောက်ပြီးနေရပါတယ်)၊ ဒါဖြင့် လေးချောင်းထောက်ပြီးသကာလတော့ ကြွားလုံးထုတ်လို့ မတော်ဘူး. . . (မှန်ပါ့)၊ ကိုယ့်ဟာကိုယ်သွားနိုင်တယ်၊ ကိုယ့်ဟာကိုယ် ပြောနိုင်တယ်၊ ကိုယ့်ဟာကိုယ်ဆိုနိုင်တယ်၊ ကိုယ့်ဟာကိုယ်စားနိုင်တယ်ဆိုလို့ ရှိရင်တော့ ခင်ဗျားတို့ ကြွားချင်လည်း ကြွားကြတာပေါ့. . . (မှန်ပါ့)၊ ကျားလေးချောင်းထောက်ပြီးနေရတဲ့ ခန္ဓာငါးပါးက ကြွားလုံးထုတ်ရင်တော့ ဦးခင်မောင်ရေ မှားလိမ့်မယ်. . . (မှားပါတယ်ဘုရား)။

ကျားလေးချောင်း ထောက်ရတယ်ဆိုတော့ ချိုင်းထောက်ကြီးတစ်ခု တစ်ခုမှာ ဂွနှစ်ခု မပါဘူးလား. . . (ပါ ပါတယ်)၊ ဘယ်ကလဲ ဂွနှစ်ခု၊ ခြေထောက်နှစ်ခုနဲ့ပဲနော်. . . (မှန်ပါ့)၊ ဟိုဘက်ကလည်း နှစ်ခုနဲ့ပဲ၊ ဒီပုဂ္ဂိုလ်က မင်းတို့ကိုပြေးပြီးလိုက်ရိုက်မလားဆိုလို့ရှိရင် ဦးခင်မောင်တို့ ယုံလား. . . (မယုံပါဘူး)၊ ဘာဖြစ်လို့တုံး. . . (ကျားကန်ထားလို့ပါဘုရား)။

မင်းတို့ကို ငါလိုက်ရိုက်ရမလား၊ မင်းတို့ ရေထဲပြေးရင် ငါလိုက်နိုင်တယ်ဆိုလို့ ယုံရမှာလား. . . (မယုံရပါဘုရား)၊ ဘာဖြစ်လို့တုံး. . . (ကျားကန်ထားလို့ပါ)၊ ဒီမှာလည်း ကျုပ်တို့မှာ ဘယ်နှစ်ချောင်းထောက်ထားရသတုံး. . . (လေးချောင်းထောက်ထားရပါတယ်)၊ ဒါဖြင့် ကျုပ်တို့ကြွားသ၍ ဟိုချိုင်းထောက်သမားနဲ့ ဘာထူးဦးမှာတုံး. . . (မထူးပါဘုရား)။

## ချိုင်းထောက်သမား

အဲဒါ အိမ်ကျလို့ရှိရင် ချိုင်းထောက်သမားတွေ့လို့ရှိရင် ခင်ဗျားတို့ကလည်း စဉ်းစားကြပေတော့ ဩော်. . . ဒို့လည်း ကျားလေးချောင်းထောက်နေရတာပဲ၊ သူလည်း လေးချောင်းထောက်ပြီး သွားရတာပဲ၊ သူလည်း လူစဉ်မမီလို့ တောင်းရမ်း၍ သော်လည်းကောင်း၊ စားရတယ်ဆိုတာ ဦးခင်မောင် ရိပ်မိမှာပါပဲ . . . (မှန်ပါဘုရား)။

• သူများမှီပြီး အသက်မွေးရတယ်ဗျာ၊ ကျုပ်မှာတော့ မြင်တဲ့အတိုင်းပဲဆိုပြီးသကာလ အောက်မှာ ဒူးဆစ်အောက်ပြတ်လို့ ဟင်. . . (မှန်ပါ့)၊ လက်ချောင်းတွေ ဘာတွေကလည်း မပါဘူး၊ ချိုင်းထောက်ကြီးပဲပါပြီးသကာလနေတာ. . . (မှန်ပါ့)၊ အဲဒါတွေဟာ သူ လူစဉ်မမှီကြောင်း သက်သေခံလိုက်တာ မနေဘူးလား . . . (နေပါတယ်)၊ ကျုပ် စွမ်းရည်သတ္တိဖြင့် သူတပါးကျွေးမှ မွေးမှပဲ ဝရမည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်ပါတယ်လို့ သူဖော်ပြနေတဲ့ အဓိပ္ပာယ်ရောက်တယ်. . . (ရောက်ပါတယ်ဘုရား)။

ဒီမှာလည်း ဒကာ ဒကာမတို့ ခင်ဗျားတို့ စွမ်းရည်သတ္တိတော့ ဘာမှမရှိဘူး. . . (မရှိပါဘူး)၊ ကံ, စိတ်, ဥတု, အဟာရ တည်းဟူသော ကျားလေးချောင်း၏ စွမ်းရည်သတ္တိနဲ့ ခင်ဗျားတို့ ခေတ္တနေကြတာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ကိုယ့်မှာ တစ်ချောင်းပြတ်ရင်၊ ပြတ်တယ်

ခုနင်က ချိုင်းထောက်သမားဟာ တစ်ခုဖြတ် ဦးဝတော်တော်အသွားနှေးတယ်. . . (မှန်ပါ့)၊ နှစ်ခုဖြုတ်လိုက်ရင်တော့ . . . (သွားလို့ကိုမရပါဘူး)၊ အဲ. . . သွားကို မသွားနိုင်ဘူး လဲတော့တာပဲ. . . (မှန်ပါ့)၊ ဒီမှာလည်း ဟိုပုဂ္ဂိုလ်က တော်သေးတယ်၊ ခင်ဗျားတို့က တစ်ချောင်းဖြုတ်ရင်ကို ပြုတ်တယ်. . . (မှန်ပါ့ဘုရား)။

ဦးခင်မောင်. . . (တစ်ချောင်းဖြုတ်ရင် ပြုတ်ပါတယ် ဘုရား)၊ ထိုပုဂ္ဂိုလ်က ချိုင်းထောက်တစ်ခုဖြုတ်လိုက်ပေမယ့် တစ်ခု ကျန်တော့ တစ်ဖက်တည်းနဲ့လည်း သွားလို့ရသေးတယ် . . . (မှန်ပါ့)၊ ခင်ဗျားတို့က ဒီလိုကိုလည်း သွားလို့မရပါဘူး၊ ကံဖြုတ်လည်း ပြုတ်ပဲ၊ စိတ်ဖြုတ်လည်း. . . (ပြုတ်ပါတယ်)၊ အဟာရဖြုတ်လည်း. . . (ပြုတ်ပါတယ်)၊ ခင်ဗျားတို့က တစ်ချောင်းဖြုတ်ကို မခံနိုင်တာ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## သူများပြုပြင်ထားတဲ့ခန္ဓာကိုယ်

ဒါဖြင့် ခင်ဗျားတို့ခန္ဓာကိုယ် သူများပြုပြင်ထားတဲ့ သင်္ခါရ ခန္ဓာကိုယ်. . . (မှန်ပါ့)၊ (ဝါ) မပိုင်တဲ့ ခန္ဓာကိုယ်ဆိုရင်ကော လွှဲသလား. . . (မလွှဲပါဘုရား)၊ ကောင်းပြီ- ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်စွမ်းရည်လား၊ နောက်ကြောင်း၏စွမ်းရည်လား. . . အခုနေနိုင်ကြတာ. . . (နောက်ကြောင်း၏ စွမ်းရည်ပါဘုရား)၊ နောက်ကြောင်း၏ စွမ်းရည်သတ္တိနော်. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဒီခန္ဓာငါးပါးဟာ နောက်ကြောင်း၏ စွမ်းရည်သတ္တိပဲ၊ ပြုံးနိုင်တာလည်း သူတို့၏စွမ်းရည်သတ္တိ၊ ရယ်နိုင်တာလည်း သူတို့၏ စွမ်းရည်သတ္တိ၊ လက်ကလေးနဲ့ ထမင်းယူစားနိုင်တာကော. . . (သူတို့၏စွမ်းရည်သတ္တိပါ)၊ ကံစိတ်ကြောင့်ဖြစ်တဲ့ ဝါယောစိတ်ကလေးက လှုပ်ပေးလိုက်ပြန်တော့

ဦးခင်မောင်ရေ. . . ထမင်းကလေး ပါးစပ်ထဲရောက်အောက် သွင်းနိုင်သေးတာပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

## ကိုယ်ပိုင်ကိုယ်ဆိုင် ဘယ်ဟာရှိကြသတုံး

ကံက အကူအညီမပေးပါဘူး၊ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောကလည်း စိတ်ကအကူအညီမပေးတော့ပါဘူးဆိုရင် ထမင်းရှိတဲ့နေရာကို လက်ကိုလှမ်းလို့မရဘူး. . . (မှန်ပါ့)၊ ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ်ပိုင် ကိုယ်ဆိုင်ခန္ဓာကိုယ်ထဲမှာ ဘယ်ဟာ ရှိကြသတုံး. . . (ဘာမှမရှိပါဘုရား)၊ ဘာမှမရှိဘူးဆိုတာ ကောင်းကောင်းရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## သင်္ခါရတရားဟာ အနတ္တ

ဒါဖြင့် သင်္ခါရတရားဟာ အနတ္တတရား ဟောတာပါပဲ . . . (မှန်ပါ့)၊ သင်္ခါရတရားလို့သာဆိုလိုက်တယ်၊ စင်စစ်တော့ ခင်ဗျားတို့ဉာဏ်ထဲမှာ ဘယ်ဟာ့မှ မပိုင်ပါလားဆိုတဲ့ အနတ္တ ရောက်လာတယ်. . . (ရောက်ပါတယ်)၊ ရှင်းပလား. . . (ရှင်းပါ ပြီဘုရား)။

သို့သော် ခင်ဗျားတို့က အနတ္တရယ်လို့ မသိတော့ကို သင်္ခါရတရားဟာ ခိုင်မြဲတဲ့သဘောမရှိပါဘူးဆိုတာလည်း မသိ တော့ကို ဒကာ ဒကာမတွေက ကြွားလိုက်၊ မော်လိုက်၊ ပြော

လိုက်၊ ဆိုလိုက်၊ မာန်တက်လိုက်၊ တဏှာနဲ့ခင်လိုက်၊ မာနနဲ့ ထောင်လိုက်၊ ဒိဋ္ဌိနဲ့ ငါ့ကိုယ် ငါ့ဟာထင်လိုက်တာ ဒီသခ်ီရတရား မသိတဲ့ ဖြစ်တွေဟာ တဏှာ မာနဒိဋ္ဌိ တိုးလာပါတယ်လို့ ဦးဘတင်တို့ ဦးခင်မောင်တို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)၊

သခ်ီရတရား မသိလိုက်တာတွင် တဏှာ မာန ဒိဋ္ဌိ တစ်ခါတည်း ခန္ဓာကိုယ်ပေါ်မှာ ခင်တဲ့တဏှာလည်း လာလိုက်တာပဲ . . . (မှန်ပါ့)၊ ဒီခန္ဓာကိုယ်ကြီးဟာ မင်းတို့လက်အောက် အကျ မခံနိုင်သေးဘူးကွ၊ ငါသွားနိုင်သေးတယ်ဆိုပြီး မာနကကော . . . (လာပါတယ်ဘုရား)၊ ငါ့ အရိုးကို ငါချီနိုင်သေးတယ်ဆိုတဲ့ မာနကကော. . . (လာပါတယ်)၊ အံမလေး တယ်ပြီး လာချက်ကောင်းပါလား. . . (ကောင်းပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒါဟာ ဘာမသိလို့ပါလိမ့်. . . (သခ်ီရတရား မသိလို့ပါ)၊ ဩော်. . . ဒါကြောင့် ယနေ့ သခ်ီရတရားကို ပိုင်ပိုင်ပြောနေတယ်ဆိုတာ ဒကာ ဒကာမတွေ ကောင်းကောင်း သဘောကျဖို့ကောင်းတယ်. . . (မှန်ပါ့ဘုရား)။

ဘာကို ပိုင်ပိုင်ပြောနေပါလိမ့်. . . (သခ်ီရတရားကို ပိုင်ပိုင်ပြောနေပါတယ်)၊ ဒါကို မသိလို့ တဏှာ မာန ဒိဋ္ဌိလာနေတာ . . . (မှန်ပါ့)၊ သခ်ီရတရားကို ဒကာ ဒကာမတွေ ဆရာသမားကမှ ဒါ့သခ်ီရတရားပဲလို့ ရှင်းရှင်းလင်းလင်း ဘွင်းဘွင်း ဖွင့်မပြလို့ ရှိရင် ခင်ဗျားတို့ တဏှာနဲ့လည်း ဒီခန္ဓာကြီးခင်တော့မှာပဲ. . .

(မှန်ပါ့)၊ မာနနဲ့လည်း သူ့ကို အားကိုးပြီး ထောင်တော့မှာပဲ. . . (မှန်ပါ့)၊ ဒိဋ္ဌိနဲ့ ဒါကြီး ငါ့ဟာပဲ ဟောဒီလေးပါးနဲ့ မဆိုင်ဘူး၊ ငါပိုင်တယ်လို့ ထင်နေမှာပဲ. . . (ထင်မှာပါ ဘုရား)။

## မသိရှုးတွေများတယ်

အဲဒါကြောင့် ခင်ဗျားတို့သည် တဏှာရှူး မာနရှူး ဒိဋ္ဌိရှူး ဆိုတဲ့ မသိရှူးတွေ ဦး၀ မများလား. . . (များပါတယ်ဘုရား)၊ ဒါဟာ ဘာကိုမသိလို့ပါလိမ့်. . . (သစ္စာရတရားကို မသိလို့ပါ)၊ သစ္စာရတရား မသိကတည်းက ဦးဘတင် အနတ္တကို မသိဘူး၊ စိတ်သာချတော့ မသိဘူး. . . (မှန်ပါ့ဘုရား)။

သစ္စာရတရားကို မသိကတည်းက. . . (အနတ္တမသိပါဘုရား)၊ အနတ္တမသိလို့ရှိရင်ဖြင့် လှည့်ပေတော့ အတ္တဝင်တော့မှာပဲ. . . (မှန်ပါ့)၊ အတ္တဒိဋ္ဌိ မဝင်ပေဘူးလား. . . (ဝင်ပါတယ်ဘုရား)၊ အတ္တဒိဋ္ဌိဝင်လာရင် ခင်တဲ့လောဘဟာကော. . . (လာမှာပါဘုရား)၊ မာနကော. . . (လာမှာပါဘုရား)။

ဩော်. . . ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သစ္စာရမသိမှုကြောင့် တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေ ပွားရတယ်. . . (မှန်လှပါဘုရား)။

## သံသရာစခန်းသိမ်းမယ်

သင်္ခါရ မသိမှုကြောင့်. . . (ပပဉ္စ ပွားရပါတယ်)၊ သေသေချာချာမှတ်ကြပါ၊ သင်္ခါရမသိရင် ပပဉ္စ လာမယ်. . . (မှန်ပါ့ဘုရား)၊ သင်္ခါရသိရင် ပပဉ္စချုပ်နိုင်ပါတယ်. . . (မှန်ပါ့)၊ ပပဉ္စချုပ်ရင် သံသရာစခန်းသိမ်းမယ်. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာငါးပါးဟာ ဘာတရားပါလိမ့်. . . (သင်္ခါရတရားပါဘုရား)၊ သင်္ခါရတရားသိသဖြင့် အနတ္တက အတွင်းဝင်သွားတယ်. . . (မှန်ပါ့)၊ ကိုယ်လုပ်ထားတာ ဒီအထဲမှာ တစ်ပဲဖိုးမှ မပါလာတော့ဘူး. . . (မပါပါ)၊ ပါသေးရဲ့လား. . . (မပါပါဘုရား)၊ ငါ့ဟာ ငါ့ဥစ္စာ မရှိတော့ဘူးဆိုတာ အတ္တဒိဋ္ဌိ ပြုတ်ထွက်သွားတယ်. . . (မှန်ပါ)၊ မပြုတ်ဘူးလား. . . (ပြုတ်ပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဟိုအိမ်နဲ့ ဒီအိမ်နဲ့ ရန်ဖြစ် အကြင်လင်မယားရန်ဖြစ်ကြ၊ သားသမီးနဲ့ မိဘနဲ့စကားများကြ၊ သားနဲ့သမီးနဲ့ မိဘနဲ့ခင်ပြီး ယုယနေကြ၊ ဘာဖြစ်ကြတာတုံး သင်္ခါရမသိလို့ဖြစ်နေကြတာပါ. . . (မှန်ပါ့ဘုရား)။

## သင်္ခါရမသိတဲ့ဒဏ်ချက်

ဘယ်လိုမှတ်ကြမတုံး. . . (သင်္ခါရတရားမသိလို့ ဖြစ်နေ

တာပါဘုရား)၊ ဒါဖြင့် ဒီသင်္ခါရမသိတဲ့ ဒဏ်ချက်ဟာ သွက်သွက် ခါအောင် ရှူးတာပဲ. . . (မှန်ပါ့)၊ သင်္ခါရမသိတဲ့ ဒဏ်ချက်ဟာ . ... (သွက်သွက်ခါအောင် ရှူးပါတယ်ဘုရား)။

ဦးဝ မနာနဲ့နော်. . . (မနာပါဘုရား)၊ ခင်ဗျားတို့က ပိုနေ သေးတယ်. . . (မှန်ပါ့)၊ ဦးခင်မောင် မပိုဘူးလားဗျာ. . . (ပိုပါ တယ်ဘုရား)၊ ပိုသေးတယ်၊ တစ်ခါတလေများ လူကြီးတွေလုပ် တဲ့ပုဂ္ဂိုလ်တွေက တစ်ခါတည်း အလိုမကျဖြစ်ပြီးသကာလနေ လိုက်တဲ့အခါ ကိုယ့်ကိုယ် တကယ်အဟုတ်ကြီးထင်ပြီးသကာလ ကြွားလုံးတွေများထုတ်ပြီးနေတဲ့အခါကျတော့ သင်္ခါရတရားကို ပိတ်ပိတ်သား ပျောက်နေတယ်. . . (မှန်ပါ့)၊ ဦးဘတင် မပျောက် ဘူးလား. . . (ပျောက်ပါတယ်ဘုရား)။

## ဘုရားဟောထားတာရှိတယ်

အဲဒီကျတော့ တဏှာဦးစီး၊ မာနဦးစီး၊ ဒိဋ္ဌိကလည်း ဦးစီး လာတဲ့အခါကျလို့ရှိရင်ဖြင့် ကျန်တဲ့ပုဂ္ဂိုလ်တွေကို နေစရာမရှိ အောင် ဖြစ်လာတယ် . . . (မှန်ပါ့) လူကြီးလုပ်တဲ့ပုဂ္ဂိုလ်ကရှူး လေလေ လူငယ်ကနေစရာမရှိအောင် ဖြစ်လာတယ် (မှန်ပါ့) လူကြီးလုပ်တဲ့ပုဂ္ဂိုလ်က ရှူးလေလေ လူငယ်ကနေစရာမရှိလေပဲ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ) ပြီးတော့ဗျ တစ်အိမ်မှာ အရှူးထတယ်ဆိုကတည်းက အကောင်းတွေ ပြေးရုံပဲရှိတော့ တယ် (မှန်ပါ့)။

အဲဒါ ကိုယ့်အိမ်ကျတော့ ဘာမျှား၊ဖြစ်ကြဦးမတုံး ဆိုတာ စဉ်းစားရတယ် . . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ) ရိပ်မိကြပါတယ်၊ ရိပ်မိကြပါ၊ ဒါလောက်ပေါ်အောင် ပြောနေလို့ရှိရင် ပေါ်လောက်ပါပြီ ဦးဘတင်ရဲ့ . . . (မှန်ပါ့) မပေါ်သေးဘူးလား . . . (ပေါ်ပါပြီ)။ ဒါ ဘုန်းကြီးဟောတာမဟုတ်ဘူးတဲ့၊ ဘုရားကိုယ်က ဟောထားတာရှိနေတယ်. . . (မှန်ပါ့)။

## ဥပကကြီး ဘုရားနဲ့တွေ့တယ်

ကဲ. . . ဝတ္ထုထုတ်ကြပါစို့ ဒကာ ဒကာမတို့ ဥပကကြီးဟာ ဒကာ ဒကာမတို့ ဘုရားနဲ့ လက်ဦးစွာ တွေ့တယ်နော်. . . (မှန်ပါ့) တွေ့ပေမယ့်လည်း သူ့သည်ပါရမီကမပြည့်စုံ၊ ဣန္ဒြေဉာဏ်တွေက မရင့်ကျက်သေးတော့ ဘုရားကိုသူက အင်း-ဣန္ဒြေလည်းကောင်းတယ်၊ အရောင်အဆင်းတွေနဲ့ ဘယ်သူ့တပည့်တုံးမေးတဲ့အခါကျတော့ ဘုရားက ငါ့မှာ ဆရာမရှိပါဘူးကွာ၊ မာရ်ငါးပါးအောင်တဲ့ **အနန္တဇိနဆိုတာ** ငါပဲလို့ပြောတော့ ဩော်-ဟုတ်လေမှာပဲ ထူးလည်းထူးတဲ့ပုဂ္ဂိုလ်ကြီးဆိုပြီး မျက်နှာလွှဲသွားတာရှိတာပဲ . . . (မှန်ပါ့) ဦးခင်မောင် ကျွတ်ကဲ့လား. . . (မကျွတ်ပါဘုရား)။

## ဥပကကြီးရဲ့သားသုဘဒ်

နောက်တောထဲမှာ ဝက်ပါလှည့်ပြီး သကာလနေတဲ့ အခါ မုဆိုးတစ်ယောက်နဲ့တွေ့လို့မုဆိုးက ကြည်ညိုကိုးကွယ်ပြီး နေတဲ့ အခါနောက်တော့ သူဟာဆာဝါနဲ့အိမ်ထောင်ကျ၊ အိမ်ထောင်ကျလို့ သုဘဒ်ဆိုတဲ့ သားတစ်ယောက်ကို မွေးဖွားတယ် . . . (မှန်ပါ့)။

နောက်ကျတော့မှ ဆာဝါနဲ့မတည့်လို့ ဘုရားဆီရောက်တဲ့အခါ သူလည်းတရားဓမ္မ ကြားနာကြိုးစားလို့ ပေါက်ရောက်တယ်ထားပါတော့ . . . (မှန်ပါ့) သို့သော်လည်း အဲဒါကိုမလိုချင်ပါဘူးတဲ့ **သဓ္ဓါရက သုဘဒ် ကိုဟောတာ** (မှန်ပါ့)။

အဲဒီမှာ ဥပကထွက်ပြေးပြီးသကာလဘုရားဆီ သက်န်းဝတ်ပြီး သုဘဒ်ကဆာဝါနဲ့ နေရစ်တယ်၊ နောက်သုဘဒ်လည်းကြီးရင့်လာပြီး သကာလ လာတော့သူလည်း ပညာလေးကပါတော့ သူ့စိတ်ထဲမှာ မေးချင်တဲ့စကားသုံးခွန်းကရှိတယ် ဘာရှိသတုံးဆိုလို့ရှိရင် ကောင်းကင်မှာ သွားတဲ့ပုဂ္ဂိုလ်များ ခြေရာထင်သလားတဲ့ (မှန်ပါ့) သူ့စိတ်ထဲမှာ သံသယရှိနေတယ်. . . (မှန်ပါ့ဘုရား)။

ဘုရားသာသနာမှတစ်ပါး တခြားသာသနာများမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာများ ရှိရဲ့လားတဲ့၊ ဒါလည်းသူမေးချင်တယ်. ... (မှန်ပါ့)။

## သဘာဒ်မေးသောစကားသုံးခွန်း

၁။ ကောင်းကင်မှာ ခြေရာ ရှိသလားဆိုတာ ၁-နံပါတ် မေးချင်တယ် ဦးခင်မောင်ရေ . . . (မှန်ပါ့)

၂။ ဒီဘုရားသာသနာမှ တစ်ပါး တခြားသော သာသနာမှာနေတဲ့ ပုဂ္ဂိုလ်များ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်ရဲ့လား . . . (မှန်ပါ့)။

၃။ သင်္ခါရတရားများဟာ မြဲတယ်လို့ရှိရဲ့လား။ ဒီသုံးပုစ္ဆာသူ့စိတ်ထဲမှာ ပေါ်လာတယ် . . . (မှန်ပါ့ဘုရား)။

ပုစ္ဆာသုံးချက် သဘောကျပလား . . . (ကျပါပြီ) ဒီပုစ္ဆာ သုံးခုကို သူမေးချင်တယ်. . . (မှန်ပါ့) မေးချင်တော့ ဦးခင်မောင် တို့က ဂဏန်းနဲ့တွက်ကြည့်တာပေါ့နော် . . . ဘုရားနဲ့ဥပကနဲ့ တွေ့သွားပြီ ဥပကကလည်း အတော်ကြီးပြီနော် ဒီအချိန်မှာ (မှန်ပါ့ကြီးပါပြီဘုရား)။

ဘုရားဖြစ်စမှာတွေ့တယ်၊ အဲဒီနောက် ဥပကဟာ ဆာဝါနဲ့ အိမ်ထောင်ကျတော့ ဘုရားဖြစ်တာနဲ့ သုဘာဒ်မွေးတာ နဲ့တော့ တယ်မကွာလှပါဘူး . . . (မကွာပါဘုရား)။

## တိတ္ထိဆရာကြီးတွေ

အဲဒီမှာ သုဘာဒ်က ဒီသုံးခု သူ့ဉာဏ်ထဲမှာ ပေါ်နေတယ်၊ ပေါ်နေတော့ တိတ္ထိဆရာကြီး ခြောက်ယောက်ရှိတယ်၊ ပုရာဏ

ကဿပတို့၊ မက္ခလိဂေါသာလဆိုတဲ့ တိတ္ထိဆရာကြီးတွေကို သူက သွားသွားပြီးမေးတယ်၊ ဒီသုံးချက်ကို အဲဒီတိတ္ထိဆရာကြီးတွေက ပြေအောင်မဖြေနိုင်ဘူး . . . (မှန်ပါ့)။

ဒါနဲ့ သူ့စိတ်မှာ ဂေါတမဘုရားတော့မေးချင်တယ်၊ မေးချင်ပေမယ့် သူက ငယ်သေးတယ်ဆိုပြီး မမေးခဲ့ဘူး. . . (မှန်ပါ့) ဂေါတမဘုရားကငယ်သေးတယ်၊ တိတ္ထိဆရာကြီးတွေတော့ ဘုရားထက် အသက်ကြီးတာကိုး၊ ဗျ၊ ဘုရားမဖြစ်ခင်သူတို့က ဘုရားလုပ်နေကြတာ . . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

အဲဒီတော့ ဒီပုဂ္ဂိုလ်တွေသူမေးတာ ကျေနပ်လောက်အောင် ဖြေမှုမရခဲ့၊ ဂေါတမဘုရားကိုလည်း မေးတော့မေးချင်တယ်၊ မေးပေမယ့် ဟိုဘုရားတွေလောက် အသက်ကြီးတာမဟုတ်တော့သူက ဗဟုသုတနည်းလိမ့်ဦးမယ်တဲ့၊ ဒါကြောင့် ဒီပုစ္ဆာကို သူမမေးသေးဘူးတဲ့ (မှန်ပါ့)။ အံမာလေး. . . အတော်ကြီးကျယ်လိုက်တာ (ကြီးကျယ်ပါတယ်ဘုရား)။

ဒါနဲ့ဘုရားကလည်း လေးဆယ့်ငါးဝါကာလပတ်လုံး ပြည့်ပါရော၊ သက်တော်ကလည်း ရှစ်ဆယ်ပြည့်တော့ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်မှာ ဘုရားပရိနိဗ္ဗာန်စံတော်မူမယ်ဆိုတာ သူကြားတယ် . . . (မှန်ပါ့ဘုရား)။

ဒါနဲ့ ငါလည်း ပုစ္ဆာသုံးချက်က မေးဖို့ရှိနေတယ်၊ ဂေါတမ

ဘုရားကိုလည်း ငယ်တယ်ဆိုပြီး မမေးပဲထားခဲ့တာ အခုတော့လည်း ပရိနိဗ္ဗာန်စံတော့မယ်လို့ကြားတယ်၊ မမေးလိုက်ရလို့ရှိရင် ငါ့မှာ သံသယနဲ့ ငါခက်ရချေရဲ့ . . . (မှန်ပါ့) သူ့ဟာသူ ဘဝင်မြင့်နေတာ (မှန်ပါ့)။

## ပရိနိဗ္ဗာန်ပြုမှာကို တားပြီးစောင့်တယ်

အဲဒီတော့ ဒကာ ဒကာမတွေက တွေးစရာက ဩော် . . ပရိနိဗ္ဗာန်ပြုမှာကိုတောင် တားပြီးစောင့်သကိုးလို့ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါမှတ်ထားကြတဲ့၊ ခင်ဗျားတို့ ဝိပဿနာရှုပြီး သကာလ ဥပမာ သေမည့်ဝေဒနာလာတယ်ဆိုကြပါစို့၊ လူတိုင်းပဲ သေမည့်ဝေဒနာတော့ လာမှာပဲ . . . (လာမှာပါဘုရား) အဲဒီဝေဒနာကို ဖြစ်ပျက်မြင်အောင်ရှုပြီး ဖြစ်ပျက်မုန်းအောင်ရှု၊ ဖြစ်ပျက်အဆုံးရှုသွားလို့ရှိရင်ဖြင့် နိဗ္ဗာန်မြင်နေလို့ရှိရင်ဖြင့် မသေသေးဘဲ စောင့်လို့ရတယ် . . . (မှန်ပါ့) ဦးခင်မောင်ရိပ်မိပလား . . . (မှန်ပါ့) အသေကို အထိုက်အလျောက် တားထားနိုင်တယ် . . . (မှန်ပါ့)။

အသေကိုတားနိုင်တယ်၊ ဦးဘတင် ကြည့်စမ်းပါ သုံးလတိတိ စောင့်နေတယ်၊ သုဘဒ်အတွက် . . . (မှန်ပါ့) သုဘဒ်က ဉာဏ်မရင့်သေးဘူးဗျ၊ သူကလည်း ခုနင်ကပြောတဲ့အတိုင်း

စခန်းကြီးနေတာကို ဦးဘတင်ကြားပြီးပြီ . . . (မှန်ပါ့) ဂေါတမ ဘုရားက ငယ်တယ်တဲ့ မေးဖို့ရာဒါ့ကြောင့် မမေးချင်ဘူးတဲ့၊ ဒီ ပြင်ဘုရားတွေအကုန်မေးပြီးပြီတဲ့၊ ကျေနပ်လောက်အောင် မဖြေ နိုင်ကြပါဘူးတဲ့၊ ဂေါတမဘုရား မေးမယ်ကြံတော့လည်း ငယ် သေးတယ်တဲ့ (မှန်ပါ့) ငယ်တယ်ငယ်တယ်နဲ့ ဆိုင်းလာခဲ့တဲ့ အချိန်တွေ နည်းသလားဗျ . . . (မှန်ပါ့ဘုရား)။

## ဘုရားကိုယ်တိုင်ချွတ်ရမည့် ဗုဒ္ဓဝေနေယျ

ပြီးတော့ သုဘဒ်က ဘုရားကိုယ်တိုင်ချွတ်မှ ကျွတ်တန်း ဝင်မည့် ဗုဒ္ဓဝေနေယျဆိုတာ ဘုရားကလည်း သိမြင်တော်မူ တယ်၊ သူ့မချွတ်ရသေးလို့ရှိရင် ပရိနိဗ္ဗာန်စံလို့မဖြစ်သေးဘူး သုံးလတိတိ ဝေဒနာနုပဿနာရှုပြီး ခန္ဓာကိုယ်ကြီးကို ဖလသမာ ပတ်နဲ့ နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ဉာဏ်တော်ကြီးနဲ့ ချုပ်စပ်ထား တယ်၊ ခန္ဓာကိုယ်ကြီး ဖရိုဖရဲမကြရအောင် . . . (မှန်ပါ့) ရိပ်မိ ပလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ **ခင်ဗျားတို့လုပ်ထားတဲ့ အလုပ်ဟာ မသေးဘူးဆိုတာမှတ်ပါ၊ အထမြောက်အောင်သာလုပ်ပါ. . .** (မှန်ပါ့) ဖြစ်ပျက်တွေမြင်ပြီး သကာလ နိဗ္ဗာန်ကိုအာရုံပြုပြီး ဖလသမာပတ် ဝင်စားနေပါ၊ ဖလသမာပတ်အတွင်းမှာ ဦးဘတင် မသေနိုင်ပါဘူး . . . (မှန်ပါ့) ဒါဖြင့် နိဗ္ဗာန်အာရုံပြုနေ

နိုင်လို့ရှိရင် သေရ မသေရ . . . (မသေနိုင်သေးပါဘုရား)။

အဲဒီလို ဘုရားက သူ့ခန္ဓာကိုယ်ကြီး ဖရိုဖရဲ မကြဲပဲနဲ့ နေရအောင် ဖလသမာပတ်နဲ့ချုပ်ထားတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) သုဘာဒ်ကို စောင့်နေတာ . . (မှန်ပါ့)။

## တရားကသက်တမ်းကိုတားနိုင်တယ်

ကဲ . . . ဒါဖြင့် ခင်ဗျားတို့လုပ်ထားတဲ့တရားဟာ အသက်တမ်းကိုပင် တားနိုင်တယ်ဆိုတဲ့အဓိပ္ပါယ် ဦးဘတင် ရှင်းသွားပြီ (ရှင်းပါပြီဘုရား) သေခြင်းတရားကိုတော့ မလွန်ဆန် နိုင်ဘူးပေါ့ဗျာ၊ တားရုံတော့ရတာပေါ့ . . (မှန်ပါ့ဘုရား)။

သေခြင်းတရားတော့ ဘယ်သူမှမလွန်နိုင်ဘူး "**မရဏ ဓမ္မောမှိ မရဏံ အနတီတောတိ အဘိဏှံပစ္စဝေက္ခိတဗ္ဗံ**" ကိုး အလွန်တော့ ဘယ်သူမှမလွန်နိုင်ဘူး၊ မလွန်နိုင်ပေမယ့် အထိုက် အလျောက်တော့ တားနိုင်တာပေါ့ . . . (မှန်ပါ့) အဲ . . . ဒါနဲ့ တိုတိုပဲ ပြောကြပါစို့၊ ဘုရားဆီ သူလာပြီးတော့ ပုစ္ဆာတွေ လျှောက်တယ်။

## ဘယ်အခါမှရဟန္တာတွေမဆိတ်သုဉ်းနိုင်ဘူး

"ဣမေစသုဘဒ္ဒ ဘိက္ခူသမ္မာဝိရဟေယျုံ အသုညော

လောလော အရဟန္တေသိ အသ" လို့ဟောကြားတော်မူလိုက်တယ်. . . (မှန်ပါ့) ဝိပဿနာကိုသာ ကောင်းမွန်စွာ ကျင့်ကြံကြမယ်ဆိုရင် လောကကြီးမှာ ဘယ်အခါမှ ရဟန္တာတွေ မဆိတ်သုဉ်းနိုင်ပါဘူးတဲ့ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်အခါမှ ရဟန္တာမဆိတ်သုဉ်းပါဘူးကွာဆိုတော့ သောတာပန်ပါသွားပြီ . . . (မှန်ပါ့) မပါသေးဘူးလား. . . (ပါပါပြီ) ကိုင်း. . . ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့အတွက် ပါသုဘဒ်က မေးသွားတယ်ဆိုတဲ့အဓိပ္ပါယ်ရှင်းသွားပြီ. . . (ရှင်းပါပြီဘုရား)။

## အားငယ်စရာရှိသေးသလား

ကဲ. . . ဒါဖြင့် ဦးဝ အားငယ်စရာ၊ နှလုံးမသာစရာ ရှိသေးသလား . . . (မရှိပါဘုရား) အားငယ်စရာနှလုံးမသာစရာကတော့ ခင်ဗျားတို့ဘာမှမရှိဘူး၊ ခင်ဗျားတို့ကိုယ်တိုင်ဖျင်းတာနဲ့ပျင်းတာ ပေါ်မှီရင်တော့မပြောတတ်ဘူး . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဖျင်းတာကတစ်မျိုး၊ ပျင်းတာကလည်း ရှိသေးတယ် . . . (မှန်ပါ့) ဖျင်းတာတော့ ဘုန်းကြီးက ကူပေးနိုင်တယ်၊ ပျင်းတာကတော့ ဘုန်းကြီးမတတ်နိုင်ဘူး၊ ခင်ဗျားတို့ကိုယ်တိုင်က ကြိုးစားမှ . . . (မှန်ပါ့ဘုရား)။

## ဖျင်းတဲ့အထဲကလား၊ ပျင်းတဲ့အထဲကလား

ဒါဖြင့် ဦးဝ ဘယ်အထဲကတုံး၊ ဖျင်းတဲ့အထဲကလား၊ ပျင်းတဲ့အထဲကလား . . . (ပျင်းတော့ မပျင်းပါဘုရား) ပျင်းတော့ မပျင်းဘူး၊ ဖျင်းတယ်ဆိုပါတော့ . . . (မှန်ပါ့) နောက်က ဒကာ ဒကာမတွေ ဒီအတိုင်းပဲ၊ ဖျင်းတာကို ကုသပေးနိုင်ပါတယ်၊ ပျင်း တာကိုတော့ဖြင့် မတတ်နိုင်ဘူး . . . (မှန်ပါ့ဘုရား)။

ဦးခင်မောင် ဒီအဓိပ္ပါယ် ရှင်းရဲ့လား (ရှင်းပါတယ် ဘုရား) ဖျင်းတာတော့ ခင်ဗျားတို့က ဘယ်လောက်ပဲ ပါဠိစကားကို နား မလည်ချင်နေပါစေ၊ မြန်မာစကားကို နားမလည်ချင်နေပါစေ၊ ကိစ္စမရှိဘူး၊ လာခဲ့ပါ ဘုန်းကြီးရှင်းအောင်ပြောပေးပါ့မယ်၊ ဖျင်း တာကိုတော့ အကုန်ကူညီပေးပါ့မယ် . . . (မှန်ပါ့) ဖျင်းရာမှ နားတော့လည်လာပါတယ်၊ ပျင်းပြီးတော့ မလုပ်တာကတော့ဖြင့် မတတ်နိုင်ဘူး . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဖျင်းတာကို ဆရာအကူအညီပေးမယ်

အဲဒါကြောင့် ဒကာဒကာမတွေ ဖျင်းလာတာ ဆရာ့ တာဝန် ဖျင်းတာကို ဆရာသမားကူညီပေးမယ်. . . (မှန်ပါ့) ဦးခင်မောင်ရေ ပျင်းတာကျတော့ သူ့ဟာသူအိမ်ထဲတွင် ပျင်းနေ တာ ဘယ်သူလာပြီး ကုသနိုင်မှာတုံးဗျ . . . (မကုသနိုင်ပါ ဘုရား) သူ့ဟာသူ ဆင်ခြေလဲပြီးသကာလ ဟိုက နာသလေး၊

ဒီနားကနာသလေး၊ ထမင်းဆာသလေး၊ အိပ်ချင်လာပြီလေးနဲ့ ဒါတွေရှုပ်နေတော့ မတတ်နိုင်ဘူး. . . (မှန်ပါ့) အေးပြန်တော့လည်း အေးလို့ ပူပြန်တော့ကော . . . (ပူလို့ပါ) စောပြန်လည်း (စောလို့) မိုးချုပ်ပြန်တော့ကို . . . (မိုးချုပ်လို့ပါ) အဲ့ဒါမျိုးတွေက ဆရာသမားမတတ်နိုင်တော့ဘူး . . . (မှန်ပါ့ဘုရား)။

## လူမိုက်အောင်းတဲ့ချောင်

ဒါ့ကြောင့် . . .

'အေးလွန်းပူစွ၊ စောစွမိုးချုပ်၊ ဆာဝရုပ်နဲ့၊ လုပ်ရအမှု၊ ပြုအံ့ကိစ္စ' ဆိုတဲ့ ခင်ဗျားတို့ လူမိုက်များအောင်းတဲ့ချောင်၊ ပျင်းတဲ့ချောင်၊ ဖျင်းတဲ့ချောင်၊ ဆယ့်ခြောက်ချောင်ရှိတယ်. . . (မှန်ပါ့) ဘုရားက အဲဒါကိုလည်း ဟောတယ်၊ ခင်ဗျားတို့ ရိပ်မိပလား (မှန်ပါ့ဘုရား)။

အေးရင်လည်း အေးချောင်ခိုလိုက်တာပဲ၊ ဒီနေ့တော့ မလုပ်အားသေးဘူးတဲ့ . . . (မှန်ပါ့) ပူပြန်တော့ကော . . . (ပူချောင်ခိုပါတယ်) စောပြန်တော့ကော . . . (စောချောင်ခိုပါတယ်)၊ မိုးချုပ်သွားတော့ . . . (မိုးချုပ်ချောင်ခိုပါတယ်) ဆာပြန်တော့ကော . . . (ဆာချောင်ခိုပါတယ်) ဝတော့ကော. . . (ဝချောင်ခိုပါတယ်) ဘယ်မှာမှ မပျင်းတာကိုပါ ရှိသေးရဲ့လား. . (မရှိပါဘုရား) လုပ်ချိန်ကို မပါတော့ဘူး ဒကာ ဒကာမတို့

လွှန်ကုန်ပြီ . . . (မှန်ပါ့ဘုရား)။

အဲဒါဘုရားက သေသေချာချာ ဟောတယ်၊ ဒီချောင်တွေ ခိုလိမ့်မယ်၊ သေသေချာချာစဉ်းစား၊ သေသေချာချာ ဟောပစ်တာ. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) မင်းကသာရှေ့ကို လောကြီးဟောနေ၊ မင်းတပည့်တွေက ဒီချောင်တွေချောက်ခိုနေတာ၊ ဒီအဓိပ္ပါယ်မျိုးဟောတော်မူတာ . . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ချောင်ထဲခိုမနေကြပါနဲ့

ကဲ . . . ဒါဖြင့်ဆရာသမား၏ စေတနာမေတ္တာကိုလည်း ခင်ဗျားတို့ကလည်း ထောက်ညှာသောအားဖြင့်လည်းကောင်း၊ ကိုယ့်ကိုယ်သနားသောအားဖြင့်လည်းကောင်း၊ ချောင်ခိုတော့သတ်တတ်ပါစေ. . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဘာလုပ်ရမလဲ . . . (ချောင်ခိုတော့သတ်တတ်ပါစေ) ချောင်ခိုသတ်တတ်ပါစေဆိုတော့ ချောင်တွေကလည်း တစ်ဆယ့်ခြောက်ချောင်ဆိုတော့ ခင်ဗျားတို့ကလည်း စစ်ကိုင်းမှာချောင်ပေါသလောက် ချောင်ပေါနေတာပဲ. . . (မှန်ပါ့ဘုရား)။

လုပ်ရမည့် အမှုကိစ္စတွေကရှိသေးလို့ တရားနှလုံးမသွင်းနိုင်သေးဘူးတဲ့ . . . (မှန်ပါ့) သွားလုခရီးတဲ့ ဦးဘတင်ခရီး

ကလေးသွားစရာရှိနေသေးလို့ ပြန်မှ လုပ်တော့မလိုလို၊ ဒီလို မလာဘူးလား . . . (လာပါတယ်ဘုရား)။

ပြန်ပြီးစတဲ့ အလုပ်ကလေးပြီးပြန်လည်း အခုမှ ထိုင်တောင် မထိုင်နိုင်သေးဘူး ဘယ်မှာလုပ်နိုင်ပါ့မလဲတဲ့ . . . (မှန်ပါ)၊ ခင်ဗျားတို့ဟာလုပ်ဖို့ပါမှမပါတော့ပဲ ရိပ်မိပလား . . . (ရိပ်မိပါပြီ ဘုရား)။

## နိဗ္ဗာန် မရောက်တာ ချောင်ခိုကောင်းလို့

အံမာလေး ဒကာ ဒကာမတွေ တို့နိဗ္ဗာန်မရောက်တာ တရားဟောဘုန်းကြီးညံ့လို့လား တို့ချောင်ခိုကောင်းလို့လားဆိုတာ ဝေဖန်ကြည့်ပါဦး . . . (ချောင်ခိုကောင်းလို့ပါဘုရား) အတော်ဆိုးသွားပြီ . . . (မှန်ပါ့) ရှင်းပြီနော်။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ 'သုဘဒ်ရဟန်းကြီး' က ကျုပ်တို့ကို အကုန်အားပေးသွားတယ် . . . (မှန်ပါ့) ကောင်းကင်မှာ ခြေရာရှိသလားဆိုတော့ ဘယ့်နှယ်ဖြေသလဲ . . . (မရှိပါဘုရား) ဒီဘုရားသာသနာမှတစ်ပါး အခြားသော အဆုံးအမတွေနဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်နိုင်ပါရဲ့လား . . . (မဖြစ်နိုင်ပါဘုရား) သင်္ခါရတရားဟာ မြဲသလားတဲ့ . . . (မမြဲပါဘုရား)။

## သင်္ခါရတရားမမြဲဘူးဆိုတာ ရှုရမယ်

ကိုင်း. . . ဒါဖြင့် သင်္ခါရတရား မမြဲဘူးဆိုတာ ခင်ဗျားတို့ ရှုရမယ် . . . (မှန်ပါ့) ဝေဒနာကြိုက်တဲ့သူက ဝေဒနာ သင်္ခါရတရားပဲ အဲဒါ အမြဲရှုသာနေ . . . (မှန်ပါ့) စိတ်ကြိုက်တဲ့သူက စိတ်ဟာ သင်္ခါရတရားပဲ၊ အဲဒါဘာလုပ်ရမလဲ . . . (ရှုနေရပါမယ်) မမြဲဘူးသာရှုနေ၊ သူ့ဟာမင်္ဂပြီးပြီ၊ သူ့ဟာ့သူဆောင်သွားမယ် မမြဲတာ သိတာမင်္ဂပဲ . . . (မှန်ပါ့ဘုရား)။

အဲဒီလို မမြဲဘူး၊ မမြဲဘူးလို့ ရှုနေလို့ရှိရင်ဖြင့် 'ပဥ္စင်္ဂကငါးပါးမင်္ဂဖြစ်ပြီ' ဦးခင်မောင် မနေ့ကအတိုင်း၊ ဆောင်ရမှာပဲ . . . (မှန်ပါ့) အဲဒါ ကျုပ်တို့က ချောင်ခိုလွတ်ဖို့ပဲ အရေးကြီးတယ် တရားပြကဖြင့် ရှင်းနေပါပြီ . . . (မှန်ပါ့ဘုရား)။

## အရှင်ဘုရားမရှိရင် ရဟန္တာမဖြစ်တော့ဘူးလား

သုဘဒ်ရဟန်းကြီးကလည်း အရှင်းဘုရား မရှိရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတွေသုဉ်းသွားတယ်၊ သွန်သွားတယ်၊ ကုန်သွားတယ်၊ နောက်မဖြစ်တော့ဘူးလား လျှောက်တော့လည်း၊ ဟ ဘယ်အခါမဆိုရှိတယ်၊ ချောင်ခို လွတ်အောင် မင်းတို့သည်ကားဆိုလို့ရှိရင် ကြိုးစားကြမယ်ဆိုရင် ဘယ်အခါမဆို ကိုယ့်ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ရှိတာချည့်ဘဲ (မှန်ပါ့ဘုရား)။

အဲဒီတော့ နိဗ္ဗာန်ကိုလည်း တစ်ခါဟောတော့ ဒကာ ဒကာမတွေ ဒီခန္ဓာမှာကပ်နေတဲ့ . . . (မှန်ပါ့) ဒီခန္ဓာအဆုံးမှာ ဘာရှိသတုံး (နိဗ္ဗာန်ရှိပါတယ်) ဒါဖြင့် နိဗ္ဗာန်ကလည်း ဝေးသလား (မဝေးပါဘုရား) အို . . . စိပ်ပုတီးလည်ပင်းစွပ်ပြီး တခြားရှာလို့ မတွေ့ဘဲ ဖြစ်နေတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဖြစ်ပြီးပျက်ပြန်ပြီလို့သာ ရှုနေပါ

ဒါဖြင့် ဒကာ ဒကာမတို့ သင်္ခါရတရားဆိုတာ ခန္ဓာငါးပါးကိုဆိုတယ် . . . (မှန်ပါ့) အဲဒါကလေးကို ဘယ်တော့မှ မမြဲတာကလေးကို ကြည့်နေ . . . (မှန်ပါ့) ဟော ပေါ်လာပြန်ပြီ မမြဲဘူးဟာပေါ်လာပြန်ပြီ ဖြစ်ပြီး ပျက်ပြန်ပြီ၊ ဖြစ်ပြီး ပျက်ပြန်ပြီလို့သာ ရှုနေ . . . (မှန်ပါ့) ဝေဒနာကြိုက်တဲ့လူ ဝေဒနာနော် . . . စိတ်ကြိုက်တဲ့လူ . . . (စိတ်ရှုပါ) ရုပ်ကြိုက်တဲ့လူက . . . (ရုပ်ရှုပါ) ဓမ္မာနုပဿနာကြိုက်တဲ့လူက သစ္စာချည့်ရှုနေ . . . (မှန်ပါ့) သစ္စာချည့်ရှုနေ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခချည့်ရှုနေ . . . (မှန်ပါ့) အဲဒီကဲ့သို့ ရှုနေလို့ရှိရင်ဖြင့် သေသေချာချာ ဘယ်အခါမဆို ကိစ္စပြီးတယ် . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ သုဘဒ်မှာ ဘုရားပရိနိဗ္ဗာန်စံကာနီးနေတဲ့ အချိန် ဘုရားအနားမှာ ရှုနေတယ်၊ ဘုရားက မနက်မိုးလင်းရင်

ပရိနိဗ္ဗာန်စံမယ် . . . (မှန်ပါ့) နေဝင်ကာနီးလို့ရှိရင်ပဲ အတော် ရောဂါပြင်းလာပြီ . . . (မှန်ပါ့ဘုရား)။

## သုဘဒ်ရဟန်းကြီးအနာဂါမ်တည်

အဲဒီမှာ သုဘဒ်ကို "ယင်္ဂါရာသဿတာနတ္ထိ" သင်္ဂါရ တရားဟာ ဘယ်တော့မှ ခိုင်မြဲတယ်လို့မရှိဘူးလို့ အဲဒါကို နှလုံး သွင်းလိုက် ပြောတာကိုး . . . ဒီနားတွင် နှလုံးသွင်းတာဘဲ၊ ဦးဘတင့်ရဲ့ (မှန်ပါ့) ဝေဒနာအဆုံး၊ အနာဂါမ်တည်တယ်။

သင်္ဂါရတရား "အနတ္တာ"လို့ နှလုံးသွင်းလိုက်တယ်၊ သင်္ဂါရ တရား မမြဲတာလေးမြင်လိုက်တာနဲ့ ဒကာ၊ ဒကာမတို့ ဖြစ်ပျက် မြင်လိုက်တာဘဲ အဲဒါနဲ့ သူအနာဂါမ်တည်တယ်ဆိုတာ ရိပ်မိ ပလား . . . (ရိပ်မိပါပြီ) သဘောကျပြီနော် . . . (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လုပ်တတ်ပလား (လုပ်တတ်ပါပြီ)။

## အလုပ်လုပ်တတ်ရင်ရဟန္တာဖြစ်နိုင်တဲ့အချိန်

အဲ လုပ်တတ်လို့ရှိရင် ဘယ်အချိန်မဆို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလည်း ဖြစ်နိုင်တဲ့အချိန်ရှိ၏လို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီဘုရား)

ကဲ ယနေ့ဒီတွင်တော်ကြဦးစို့

သာဓု-သာဓု-သာဓု။